# ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီ ဥက္ကဋ္ဌ ဒေါက်တာနန္ဒာလှမြင့်

# တရုတ်နိုင်ငံအခြေစိုက် Shandong Huache Energy Technology Co.,Ltd အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော်၊ စက်တင်ဘာ ၂၂

ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီဥက္ကဋ္ဌ ဒေါက်တာနန္ဒာလှမြင့်သည် Shandong Huache Energy Technology Co.,Ltd အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ လွှတ်တော်ရေးရာဆောင်(I-9) ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားအနေဖြင့် လက်ရှိအသုံးပြု လျက်ရှိသော သက်တမ်းရင့်ဒီဇယ်စက်ခေါင်းဟောင်းများအား ဘက်ထရီသုံး လျှပ်စစ်စက်ခေါင်းများ အဖြစ် အဆင့်မြှင့်တင်ပြောင်းလဲတပ်ဆင်မှု လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံအခြေစိုက် Shandong Huache Energy Technology Co., Ltd. မှ မြန်မာ့မီးရထားနှင့် နည်းပညာ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် ဒီဇယ်စက်ခေါင်းဟောင်းများအား ဘက်ထရီသုံးလျှပ်စစ်စက်ခေါင်းများအဖြစ် ပြောင်းလဲတပ်ဆင်ခြင်းများ၊ ဘက်ထရီစနစ်နှင့် မောင်းနှင်ခန်းနှစ်ခုပါ (Dual Cab) စနစ်ဖြင့် အဆင့် မြှင့်တင်တည်ဆောက်မှုအခြေအနေများ၊ ဘက်ထရီသုံးလျှပ်စစ်တွဲဆိုင်း (BEMU) ရထားများပြေးဆွဲ ရာတွင် လိုအပ်သောလျှပ်စစ်ဓာတ်အား အမြန်ဖြည့်တင်းနိုင်ရန်အတွက် အမြန်အားသွင်းစနစ်များနှင့် ထရန်စဖော်မာများတည်ဆောက်မှုအခြေအနေများ၊ ဘက်ထရီကွန်တိန်နာတင်ဆောင်သည့် စနစ်သစ် များနှင့် တိုးချဲ့ဆောင်ရွက်သွားမည့်အခြေအနေများအားတင်ပြဆွေးနွေးကြရာ ကော်မတီအဖွဲ့ဝင်များမှ ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီဥက္ကဋ္ဌနှင့်အတူ ကော်မတီအတွင်းရေးမှူး နန်းရီရီဝင်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ မီးရထားမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။